# ကမ်းရိုးတန်းသွား/ပြည်တွင်းရေကြောင်းသွား ကုန်တင်ရေယာဉ်များနှင့် တွဲတန်း/တွဲဆွဲ ရေယာဉ်များ၊ ဆီတင်ရေယာဉ်များ၏ ကုန်စည်ပို့ဆောင်ရွက်ရေးလုပ်ငန်း လုပ်ငန်းခွင်လိုင်စင်များ (ကနဦး)လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ ရေယာဉ်ပိုင်ရှင်မှ ကနဦးလျှောက်ထားရာတွင် လိုအပ်သောစာရွက်/ စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မှတ်ပုံတင်နှင့် သက်သေခံလက်မှတ်များ(Safty Certificate/ LSA/ Certificate of Survey/ Load Line/ Seawor Thimess) (မူရင်း/မိတ္တူ)

(ဂ) ရေထုညစ်ညမ်းမှုဖြစ်ပွားပါက အရေးပေါ်တုန့်ပြန်ဆောင်ရွက်ရမည့် အစီအမံ (ဆီတင်ရေယာဉ်)

(ဃ) ရေယာဉ်ပိုင်ရှင်အသင်း၏ထောက်ခံချက်

(င) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၂။ ပြည်နယ်/တိုင်းဒေသကြီး မှတ်ပုံတင် မြင်းကောင်ရေ(၂၀)အထက် ကုန်တင်ရေယာဉ်များ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ(ကနဦး) လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်မှတ်ပုံတင်လက်မှတ်နှင့် ခုတ်မောင်းသွားလာခွင့်လက်မှတ်(မူရင်း/မိတ္တူ)

(ဂ) သက်ဆိုင်ရာရေယာဉ်အတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် ရေယာဉ်အုပ်/ စက်ခန်းအုပ်အဖြစ်မောင်းနှင်ခွင့်လက်မှတ် (မူရင်း/ မိတ္တူ)

(ဃ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၃။ စက်မဲ့ဆီတင်တွဲများ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ငန်းခွင့်လိုင်စင်များ (ကနဦး)လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရျောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် စက်မဲ့ ဆီတင်တွဲ မှတ်ပုံတင်နှင့် သက်ဆိုင်ရာသက်သေခံလက်မှတ်များ (Certificate of fithness For carringe of petroleum in bulk/ load line/ seaworthiness certifice (မူရင်း/ မိတ္တူ)

(ဂ) ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်း၏ အသင်းဝင်ဖြစ် ကြောင်းထောက်ခံချက်

(ဃ) ဆီတင်တွဲများအတွက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အတည်ပြု ထားသည့် ရေထုညစ်ညမ်းမှုဖြစ်ပွားပါက အရေးပေါ်တုန့်ပြန်ဆောင်ရွက်ရမည့် အစီအမံ

(င) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၄။ စက်မဲ့ကုန်တင်တွဲများ၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ(ကနဦး) လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာ

(ခ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် စက်မဲ့ ကုန်တင်တွဲ မှတ်ပုံတင်နှင့် သက်ဆိုင်ရာ သက်သေခံလက်မှတ်များ (Safty Certificate)၊ အန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်(မူရင်း/မိတ္တူ)

(ဂ ) ပြည်တွင်းရေကြောင်းသွား ရေယာဉ်ပိုင်ရှင်များအသင်း၏ အသင်းဝင်ဖြစ်ကြောင်းထောက်ခံချက်

(ဃ) စက်မဲ့ကုန်တင်တွဲ၏ ဓါတ်ပုံ(၄)ပုံ(ရှေ့၊ နောက်၊ ဝဲ၊ ယာတစ်ပုံစီ)

(င ) ရေယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား(မိတ္တူ)

၅။ ကမ်းရိုးတန်းသွား/ပြည်တွင်းရေကြောင်းသွားကုန်တင်ရေယာဉ်များ၊ တွဲတွန်း/တွဲဆွဲဆီတင် ရေယာဉ်များနှင့် စက်မဲ့ဆီတင်/ကုန်တင်တွဲများအား(ကနဦး)လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက် ထားလာမှုနှင့်ပတ်သက်၍ ပြည်နယ်ရုံးမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရေယာဉ်ပိုင်ရှင်၏ လုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်လွှာနှင့်လိုအပ်သော စာရွက်စာတမ်းများ မှန်ကန်ပြည့်စုံမှုရှိ/မရှိ စိစစ်လက်ခံခြင်း

(ခ) တွဲတွန်းတွဲဆွဲရေယာဉ်များ၊ စက်မဲ့တွဲများ၏ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထား လာသည့်လိုအပ်သောစာရွက်စာတမ်း အမှုတွဲများအား စုစည်း၍ ပြည်နယ်ရုံးမှ စိစစ်ကာ(ရုံးချုပ်)ရေကြောင်းလုပ်ငန်းဌာနခွဲသို့ ပေးပို့ဆောင်ရွက်ခြင်း

(ဂ ) (ရုံးချုပ်)ရေကြောင်းလုပ်ငန်းဌာနခွဲမှ ပြန်လည်ပေးပို့လာသည့် လုပ်ငန်းလိုင်စင်အပိုင်း(၁)(၂)တို့အား ပိုင်ရှင်များထံသို့ ထုတ်ပေးဆောင်ရွက်ခြင်း

(ဃ) ပြည်တွင်းရေကြောင်းသွား မြင်းကောင်ရေ(၂၀)အထက်/ (၂၀)အောက် ကုန်တင်ရေယာဉ်များ၏လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား ပြည်နယ်ရုံး၏ခွင့်ပြုချက်ဖြင့် စိစစ်ထုတ်ပေး ဆောင်ရွက်ခြင်း။